
## ၁၄ လအတွင်း သတင်းသမား ၁၄၃ ဦးထက်မနည်း ဖမ်းဆီးခံခဲ့ရ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဧပြီ ၂၁ ရက်အထိ)





စစ်အာဏာသိမ်းပြီးနောက်ပိုင်း ၁၄ လအတွင်း သတင်းသမား **၁၄၃ ဦး**ထက်မနည်း ဖမ်းဆီးခံခဲ့ရသည်။ စစ်ကောင်စီ၏ ဖမ်းဆီးခြင်း ခံခဲ့ရသူ **၁၄၃ ဦး**အနက် **၁၁၅ ဦး**သည် အမျိုးသားများဖြစ်ပြီး **၂၇ ဦး**မှာ အမျိုးသမီးများ ဖြစ်သည်။ ထို့အပြင် ထောင်ဒဏ်ချမှတ်ခံရသူ **၂၈ ဦး** အနက် **၂၃ ဦး**မှာ အမျိုးသားများဖြစ်ပြီး **ငါးဦး**မှာ အမျိုးသမီးများ ဖြစ်ပါသည်။ လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်များနှင့် စစ်ကြောရေးအတွင်း သေဆုံးခဲ့သော သတင်းသမား **သုံးဦး** ရှိခဲ့သည်။

မှတ်ချက် - ဖော်ပြပါအချက်အလက်များသည် Detained Journalists Information Myanmar Network ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပါသည်။ မြေပြင်အခြေအနေတွင် ယခုထက် ပိုမိုများပြားနိုင်ပါသည်။

## သတင်းသမား ၁၉ ဦး ထောင်ဒဏ်ချမှတ်ခံခဲ့ရပြီး ၃၉ ဦးမှာ ဖမ်းဆီးချုပ်နှောင်ခံထားရဆဲ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဧပြီ ၂၁ ရက်အထိ)




စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဖမ်းဆီးခံရသည့် သတင်းသမား **၁၄၃ ဦး**အနက် စုစုပေါင်း **၈၂ ဦး**မှာ ပြန်လည်လွတ်မြောက်လာခဲ့ပြီး **၃၉ ဦး**မှာ ဖမ်းဆီးချုပ်နှောင်ခံထားရဆဲဖြစ်ကာ **၁၉ ဦး**မှာ ထောင်ဒဏ်ချမှတ်ခြင်း ခံခဲ့ရသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဧပြီ ၂၁ ရက်အထိ ဖြစ်ပွားခဲ့သည် လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်များအတွင်း သတင်းသမား **နှစ်ဦး** သေဆုံးခဲ့ပြီး စစ်ကောင်စီ၏ စစ်ကြောရေးအတွင်း **တဦး** သေဆုံးခဲ့ရသည်။ စုစုပေါင်းဖမ်းဆီးခံခဲ့ရသူ၏ **၅၇ ဒသမ ၃ ရာခိုင်နှုန်း**မှာ ပြန်လည်လွတ်မြောက်လာခဲ့ပြီး **၂၇ ဒသမ ၃ ရာခိုင်နှုန်း**မှာ ဖမ်းဆီးထိန်းသိမ်းခံထားရဆဲဖြစ်ကာ **၁၃ ဒသမ ၃ ရာခိုင်နှုန်း**မှာ ထောင်ဒဏ်ချမှတ်ခြင်း ခံခဲ့ရပါသည်။

မှတ်ချက် - ဖော်ပြပါအချက်အလက်များသည် Detained Journalists Information Myanmar Network ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပါသည်။ မြေပြင်အခြေအနေတွင် ယခုထက် ပိုမိုများပြားနိုင်ပါသည်။

## စစ်အာဏာသိမ်းမှုနောက်ပိုင်း သတင်းအေဂျင်စီ ၁၁ ခု လုပ်ငန်းလိုင်စင် ရုပ်သိမ်းခံခဲ့ရ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဧပြီ ၂၁ ရက်အထိ)


| စဉ် | သတင်းဌာန | အခြေစိုက်သည့်နေရာ |
|---|---|---|
| ၁ | 7 Day News | ရန်ကုန်တိုင်း |
| ၂ | Delta News Agency | ဧရာဝတီတိုင်း |
| ၃ | DVB - Democratic Voice of Burma | ရန်ကုန်တိုင်း |
| ၄ | Kamayut Media | ရန်ကုန်တိုင်း |
| ၅ | Khit Thit Media | ရန်ကုန်တိုင်း |
| ၆ | Mizzima Media Group | ရန်ကုန်တိုင်း |
| ၇ | Myanmar Now | ရန်ကုန်တိုင်း |
| ၈ | Myitkyina News Journal | ကချင်ပြည်နယ် |
| ၉ | Tachileik News Agency | ရှမ်းပြည်နယ်(အရှေ့ပိုင်း) |
| ၁၀ | The 74 Media | ကချင်ပြည်နယ် |
| ၁၁ | Zayar Times | စစ်ကိုင်းတိုင်း |

စစ်အာဏာသိမ်းပြီးနောက်ပိုင်း တနှစ်ကျော်ကာလအတွင်း သတင်းအေဂျင်စီ **၁၁ ခု**ကို စစ်ကောင်စီက လုပ်ငန်းလိုင်စင် ရုပ်သိမ်းခဲ့ပြီး ဖမ်းဆီး၊ ဝရမ်းထုတ်မှုများကိုလည်း ပြုလုပ်ခဲ့ပါသည်။ ထို့အတူ ဒေသဆိုင်ရာအာဏာပိုင်များ၏ တရားစွဲဆိုမှုကို ခံခဲ့ရသည့် သတင်းမီဒီယာများနှင့် သတင်းသမားများလည်း ရှိခဲ့သည်။ လုပ်ငန်းလိုင်စင် ရုပ်သိမ်းခံခဲ့ရသော သတင်းအေဂျင်စီ **၁၁ ခု**အနက် **ကိုးခု**မှာ အွန်လိုင်းမှတဆင့် ရသည့် နည်းလမ်းဖြင့် လုပ်ငန်းဆက်လက်လည်ပတ်နေပါသည်။ အခြားတဖက်တွင်လည်း မိမိသဘောဆန္ဒအလျောက် ထုတ်ဝေခြင်း ရပ်နားလိုက်သည့် သတင်းအေဂျင်စီ **ငါးခု**ထက်မနည်း ရှိပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ စစ်ကောင်စီ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မီဒီယာများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## သတင်းသမားများ ဖမ်းဆီးထောင်ဒဏ်ချမှတ်ခံရမှု နှစ်ပေါင်း ၃၀ ကျော်အတွင်း စံချိန်တင်

(၁၉၉၂ ခုနှစ် မှ ၂၀၂၂ ခုနှစ်အထိ)




သတင်းသမားများကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (CPJ) ၏ မှတ်တမ်းများအရ ၂၀၂၁ ခုနှစ် တနှစ်တည်းတွင် မြန်မာနိုင်ငံရှိ သတင်းသမား စုစုပေါင်း **၂၆ ဦး** ထောင်ဒဏ်ချမှတ်ခံခဲ့ရပြီး **နှစ်ဦး** သေဆုံးခဲ့ရသည်။ ထိုအရေအတွက်သည် ၁၉၉၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နှစ်ပေါင်း ၃၀ ကျော်အတွင်း စံချိန်တင်အရေအတွက်ဖြစ်သည်။ ISP-Myanmar ၏ မှတ်တမ်းများအရ ၂၀၂၁ ခုနှစ်အတွင်း သတင်းသမား စုစုပေါင်း **၂၇ ဦး** ထောင်ဒဏ်ချမှတ်ခံခဲ့ရပြီး **နှစ်ဦး** သေဆုံးခဲ့ပါသည်။ စစ်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံ၌ သတင်းသမားများအပေါ် ဖိနှိပ်မှုသည် အဆိုးရွားဆုံး အခြေအနေတွင် ရှိနေခဲ့သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ သတင်းသမားများ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (CPJ)၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်သည်။